မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန

၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့

စုသက်နှင်း
ECS မဟာဗျူဟာဖော်ဆောင်ရေး၏ အဖွဲ့ခေါင်းဆောင်
မြန်မာ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

# မြန်မာ့ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး မဟာဗျူဟာမူကြမ်းနှင့် ၂၀၂၀ခုနှစ် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး လမ်းညွှန်ချက်မူကြမ်းတို့နှင့် ပတ်သတ်သည့် သဘောထားသုံးသပ်ချက်များ

မြန်မာ့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန (MOC)က ယင်း၏ အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး မဟာဗျူဟာမူကြမ်း (ပုံစံ - ၁၊ ၂၀၂၀ခုနှစ် - ဇွန်လ) အပေါ်တွင် သဘောထား သုံးသပ်ချက်ပေးရန် ဖိတ်ခေါ်ခြင်းနှင့် ၂၀၂၀ခုနှစ် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး လမ်းညွှန်ချက်မူ ကြမ်းတို့အား အများပြည်သူများမြင်သာအောင် ထုတ်ပြန်ခြင်းတို့အား မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) အနေဖြင့် ကြိုဆိုပါသည်။

မူဝါဒများနှင့် ပြဋ္ဌာန်းချက်များ အတည်မပြုမီတွင် မဟာဗျူဟာများ၊ မူဝါဒများနှင့် ဥပဒေများအား သက်ဆိုင်ရာ ကိုယ်စားလှယ်အသီးသီးတို့နှင့်အတူ ဆွေးနွေးတိုင်ပင်ခြင်းသည် အကောင်းမွန်ဆုံးနည်းလမ်းဖြစ်ပါသည်။ အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူလူထုအပါအဝင် အမျိုးမျိုးသော သက်ဆိုင်ရာကိုယ်စားလှယ် များအပေါ်တွင် ကျရောက်နိုင်မည့် သက်ရောက်မှုများအား သုံးသပ်နိုင်ကာ ယင်းပုဂ္ဂိုလ်များ၏ သဘောထားများ ကိုလည်း ဖော်ဆောင်နိုင်ပါသည်။

MCRBသည် တာဝန်ယူမှုရှိသောစီးပွားရေးဆိုင်ရာ စံနှုန်းများနှင့် သဘောတရားများအား မြန်မာ့ဥပဒေအတွင်း တွင် ထည့်သွင်းဖော်ပြနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်း ပညာကဏ္ဍ (ICT) အပါအဝင် မြန်မာ့စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်ရာကိုယ်စားလှယ်တို့အကြား တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များအား နားလည်နိုင်မှုနှင့် အသုံးပြုမှု မြင့်မားလာစေရေး အတွက် ပံ့ပိုးပေးလျက်ရှိပါသည်။ MCRBမှ ပြုစုထားသော ICT ကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာ ဆန်းစစ်ခြင်း အစီရင်ခံစာ (SWIA) သည် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းတွင် တွေ့မြင်ရသည် မြန်မာနိုင်ငံ၏ ICT ကဏ္ဍအခြေအနေကို လေ့လာသုံးသပ်ထားကာ လူ့အခွင့်အရေးစံနှုန်းများနှင့် တာဝန်ယူမှုရှိသော စီးပွားရေး ဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သော ကာကွယ်မှုများအား သက်ဆိုင်ရာမြန်မာ့ဥပဒေများနှင့် မူဝါဒများထဲတွင်

မည်သို့ထည့်သွင်းသင့်သည်နှင့်ပတ်သတ်၍လည်း မြန်မာအစိုးရအား အကြံပြုချက်များပေးထားပါသည်။ ထို့ပြင် ICTစီးပွားရေးလုပ်ငန်းများနှင့် အခြားသောသူများအတွက်လည်း အကြံပြုချက်များ ဖော်ပြထားပါသည်။

MCRB သည် မဟာဗျူဟာရေးဆွဲရာတွင် ကိုယ်စားလှယ်အများစုနှင့် ဆောင်ရွက်သည်ကို ကြိုဆိုပါသည်။ နှစ်စဉ် ကျင်းပလျက်ရှိသော ကဏ္ဍပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သော ဒီဂျစ်တယ်ပလက်ဖောင်းတစ်ခုဖြစ်သည့် မြန်မာ့ဒီဂျစ်တယ်အခွင့်အရေးဖိုရမ် (MDRF)၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် MCRB, Phandeeyar, MIDO နှင့် Free Expression Myanmar တို့သည် အရပ်ဖက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရတို့နှင့် ပူးပေါင်းကာ ဒီဂျစ်တယ်အခွင့်အရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ စတုတ္ထအကြိမ်မြောက် ကျင်းပသော ၂၀၂၀ခုနှစ် MDRFတွင် ဆိုက်ဘာလုံခြုံရေးနှင့် ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု အခွင့်အရေးတို့အား အလေးပေးထား သော အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေးဆွေးနွေးပွဲများလည်း ပါဝင်ခဲ့ကာ ယင်းအခန်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးလုပ်ငန်းများ နှင့် စားသုံးသူများလည်း ပါဝင်ခဲ့ပါသည်။

**မဟာဗျူဟာမူကြမ်းနှင့်ပတ်သတ်၍ ကျွန်ုပ်တို့ပေးလိုသည် သဘောထားသုံးသပ်ချက်များတွင် (၁) ဝန်ကြီးဌာနများအကြားတွင် သဟဇာတဖြစ်ပေါ်စေခြင်း၊ (၂) မူဝါဒနှင့် ပြဋ္ဌာန်းချက်မူဘောင်များအား အကောင်အထည်ဖော်ရန် အလေးထားခြင်း၊ (၃) အားလုံးပါဝင်စေခြင်း နှင့် (၄) သင့်လျော်သောအချိန်တွင် ပုဂ္ဂလိကကဏ္ဍအား လုပ်ဆောင်စေခြင်းတို့ ပါဝင်ပါသည်။**

**၁။ သဟဇာတဖြစ်ပေါ်စေခြင်း**

MCRB သည် အစိုးရဌာနများအကြား သဟဇာတရှိစွာ ပူးပေါင်းဆောင်ရွက်ရေးအား မြှင့်တင်ပေးရန်ဟူသည့် အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး မဟာဗျူဟာ၏ အဖွဲ့အစည်းမူဘောင်ဆိုင်ရာ ပန်းတိုင် (၁) အား ကြိုဆိုပါသည်။ MSDPI ဒီဂျစ်တယ်စီးပွားရေးလမ်းစဉ် နှင့် CERP (နောင်တွင် ကျင့်သုံးမည့် မြန်မာ့စီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ် - MERP)တို့အား ရှင်းလင်းစွာ ချိတ်ဆက်ထားမှု ကိုလည်း ကြိုဆိုပါသည်။

သို့ရာတွင်မူ အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး မဟာဗျူဟာ မူကြမ်းထဲတွင် အောက်ဖော်ပြပါ အချက်အလက်များအား ရှင်းရှင်းလင်းလင်း ခွဲခြားဖော်ပြထားသင့်ကြောင်း အကြံပြုလိုပါသည်။

(က) အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး ကျယ်ပြန့်လာစေရေးအတွက် လိုအပ်သော ပန်းတိုင်များ/ဆောင်ရွက်ချက်များ။ ဥပမာ - ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်နိုင်သော ဝန်းကျင်၊ ဆိုက်ဘာလုံခြုံရေး၊ ထိရောက်မှုရှိသော စာတိုက်ဝန်ဆောင်မှုများ၊ အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး အခွင့်အလမ်းဆိုင်ရာ စီးပွားရေးအသိပညာများ။

MCRB

(ခ) မူဝါဒ/ပြဋ္ဌာန်းချက် ပန်းတိုင်များ/ဆောင်ရွက်ချက်များအား အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေးအတွက်သာမက အခြားသောအကြောင်းအရာများအတွက်ပါ ဆောင်ရွက်ရန်။ ဥပမာ - ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အား ရရှိစေရေး (၃-၂-၁)။

အမျိုးအစား (ခ) အောက်တွင် ပါဝင်သော ကျယ်ပြန့်သော မဟာဗျူဟာများ၏ သဟဇာတမဖြစ်မှု၊ ကွဲပြားနေမှုနှင့် အထပ်ထပ်အခါခါဖြစ်နေမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများအား ရှောင်ကြဉ်ရန်အတွက် အမျိုးသား အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး ကော်မတီအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ (နှင့် အခြားသက်ဆိုင်ရာ ကိုယ်စားလှယ်များ) အား ဖိတ်ခေါ်ကာ ယင်းကိစ္စရပ်များနှင့်ပတ်သတ်၍ ဆွေးနွေးတင်ပြ ခြင်း၊ အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး မဟာဗျူဟာ၏ ပန်းတိုင်များအား အကောင်အထည် ဖော်ရန်အတွက် အသုံးပြုမည်ဖြစ်သော ယင်းတို့၏ ဆောင်ရွက်ချက်များတွင် မည်သို့သောအချက်များ ထည့်သွင်း သင့်သည်ကို အကြံပြုခြင်း အစရှိသည်တို့ကို လုပ်ဆောင်သင့်ပါသည်။

ထိုအမျိုးအစားကဏ္ဍတွင်တွေ့ရှိရသည့် ပြဿနာရပ်များအား အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး မဟာဗျူဟာထဲတွင် ထည့်သွင်းဖော်ပြရန် အရေးကြီးသည်ဟု MCRBက ယူဆသည့် အချက်များနှင့်အတူ အောက်တွင် ဖော်ပြထားပါသည်။

- **အများပြည်သူဆိုင်ရာ ဝယ်ယူမှု (၂-၃)**
  - မဟာဗျူဟာမူကြမ်းအနေဖြင့် ယခုဆွေးနွေးလျက်ရှိသော ဥပဒေမူကြမ်းတစ်ခုရှိကြောင်းနှင့် ယင်းဥပဒေသည် အီလက်ထရောနစ်စနစ် ဝယ်ယူမှုအား လွယ်ကူချောမွေ့စေခြင်းရှိမရှိနှင့် မဟာဗျူဟာ၏ မည်သို့သော ဆောင်ရွက်ချက်များနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်သင့်ကြောင်းတို့ကို သုံးသပ်သင့်ကြောင်း သတိပြုမိရန်လိုအပ်သည်။

- **ဒီဂျစ်တယ် ID (၅-၁၊ ၆-၂-၁)**
  - ဒီဂျစ်တယ် IDအား မိတ်ဆက်ခြင်းသည် လူ့အခွင့်အရေးအချက်အလက်များစွာနှင့် ဆက်နွယ်မှုရှိပါသည်။ ထို့ကြောင့် အစိုးရအနေဖြင့် ယင်း၏လုပ်ဆောင်ချက်များထဲတွင် ID4D နည်းနာများအား ထည့်သွင်းဆောင်ရွက် သင့်ကြောင်းနှင့် ယင်းနည်းနာများအား အီလက်ထရော နစ်စနစ်

ကူးသန်းရောင်းဝယ်ရေး မဟာဗျူဟာထဲတွင် ထည့်သွင်းကိုးကားသင့်ကြောင်းကို ကျွန်ုပ်တို့က အကြံပြုလိုပါသည်[1]။

- **အင်တာနက် ရယူသုံးစွဲနိုင်မှုနှင့် ဒီဂျစ်တယ်တတ်မြောက်မှု**
  - မဟာဗျူဟာသည် တည်ငြိမ်၍ ဈေးနှုန်းသင့်တင့်သော အင်တာနက်[2]ရှိရန်လိုအပ်ကြောင်း၊ Universal Service Strategy (၃-၁-၁)အား အကောင်အထည်ဖော်သင့်ကြောင်းတို့ကို မီးမောင်း ထိုးဖော်ပြကာ ရခိုင်နှင့်ပလက်ဝဒေသတို့တွင် ဖြစ်ပွားလျက်ရှိသော အင်တာနက်ဖြတ်တောက်မှုများ ၏ နောက်ဆက်တွဲရလဒ်တို့အားလည်း ဖော်ပြရန်လိုအပ်သည်ဟု ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ပါ သည်။

## ၂။ မူဝါဒနှင့် ပြဌာန်းချက်ဆိုင်ရာ ကွာဟချက်များနှင့် ပြုပြင်ပြောင်းလဲမှုများအား အလေးထားခြင်း

မဟာဗျူဟာနှင့် အစိုးရ၏ လုပ်ဆောင်ချက်များသည် ပုဂ္ဂလိကကဏ္ဍနှင့် စားသုံးသူများနှင့်အတူ အီလက်ထရော နစ်စနစ် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မူဝါဒ၊ပြဌာန်းချက်များနှင့်သက်ဆိုင်သည့် အတားအဆီးများ၊ ကွာဟ ချက်များအား သတ်မှတ်ခြင်းပေါ်တွင် အလေးထားသင့်ပါသည်။ ထိုသို့သောအရာများတွင် အချက်အလက် ကာကွယ်ခြင်းနှင့် ဆိုက်ဘာလုံခြုံရေး၊ အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေးအား တရားဝင် အသိအမှတ်ပြုရေး၊ စားသုံးသူများအား မသမာမှုများမှ ကာကွယ်ပေးရေး၊ မူပိုင်ခွင့်အား ကာကွယ်ပေးရေးနှင့် အာဆီယံအတွင်းတွင်နှင့် အာဆီယံပြင်ပတွင် ဆောင်ရွက်နေသည့် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်မှုများ၏ အရေးပါမှုတို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် အောက်ဖော်ပြပါ အချက်များအား အကြံပြု လိုက်ရပါသည်။

**ပန်းတိုင် - ၆ (ဥပဒေရေးရာနှင့် ပြဌာန်းချက်ဆိုင်ရာ မူဘောင်)** အား ပန်းတိုင် - ၁ ပြီးနောက် **ပန်းတိုင် - ၂ နေရာတွင်ထားရှိသင့်**ပါသည်။

---

[1] ID4Dစံနှုန်းများ၊ ကမ္ဘာ့ဘဏ် (World Bank)

[2] မြန်မာ့စားသုံးသူအရေးအစီရင်ခံစာ - အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စစ်တမ်းအစီရင်ခံ စာနှင့် အခြားစားသုံးသူရေးရာများ၂၀၁၉ခုနှစ် အီလက်ထရောနစ်စနစ် ကူးသန်းရောင်း ဝယ်ရေးကဏ္ဍမျိုးစုံ(ATM၊ အွန်လိုင်းဈေးရောင်းဝယ်ရေး၊ အီလက်ထရောနစ်စနစ် ငွေပေးချေရေး၊ အင်တာနက် ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ဆောင်ရေးနှင့် မိုဘိုင်းငွေလွှဲရေး အစရှိသည်)တို့တွင် အီလက်ထရောနစ်စနစ် ကူးသန်းရောင်း ဝယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများ လုပ်ဆောင်နေစဉ်တွင် အင်တာနက်ပြတ်တောက်မှုများ၊ နှောင့်ယှက်ခံရမှုများ ကြုံတွေ့ရကြောင်း ဖော်ပြထားပါသည်။

- **ဆိုက်ဘာလုံခြုံရေးနှင့် အချက်အလက်ကာကွယ်ရေးဆိုင်ရာ** ကိစ္စရပ်များသည် ယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသောကြောင့် ယင်းကိစ္စရပ်များအား မဟာဗျူဟာထဲတွင် အလေးထားဖော်ပြထားသင့်ပါသည်။ ယခုမူကြမ်းတွင်မူ (၃-၂-၃) အား သိပ်ဖော်ပြထားခြင်း မရှိပါ။ အပြန်အလှန်အားဖြင့် -

- မဟာဗျူဟာသည် စားသုံးသူကာကွယ်ရေးဆိုင်ရာ ၆-၁-၁/၆-၂-၂ တို့အား ဖော်ပြထားသင့်သည့် အချက်အလက်ကာကွယ်ရေး ဥပဒေအား လိုအပ်မှုကို အဓိကဦးစားပေးအနေဖြင့် ဖော်ပြသင့်သည်။

  - ၆-၁-၁က ဖော်ပြထားသည်မှာ '*မြန်မာဆိုက်ဘာ ဥပဒေ (အီလက်ထရောနစ်စနစ် အစိုးရ၊ အီလက်ထရော နစ်စနစ် ကူးသန်းရောင်းဝယ်မှုနှင့် ဆိုက်ဘာလုံခြုံရေး ဥပဒေတို့နှင့်အတူ) အား အပြီးသတ်ပြဌာန်းရန်နှင့် အကောင်အထည်ဖော်မှု အမိန့်ထုတ်ပြန်ချက်များ ပြုလုပ်ရန်*'ဟူ၍ ဖြစ်သည်။ ဆိုက်ဘာလုံခြုံရေး ဥပဒေ အောက်တွင် မည်သည့်ဥပဒေများ ပါဝင်မည်ဆိုသည်မှာ အပြီးသတ်မဆုံးဖြတ်ရသေးပေ။ အီလက် ထရောနစ်စနစ် အစိုးရဥပဒေအစား အချက်အလက်ကာကွယ်ရေး ဥပဒေအား ဆောင်ရွက်လိမ့်မည်ဟု ကျွန်ုပ်တို့ နားလည်ထားပါသည်။ အချက်အလက်ကာကွယ်ခြင်းသည် အီလက်ထရောနစ်စနစ် အစိုးရ၏ အစိတ်အပိုင်းတစ်ခုမဟုတ်ဘဲ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများအတွက် လိုအပ်သောကြောင့် ယင်းအရာ သည် အရေးပါပါသည်။

  - အချက်အလက်ကာကွယ်ရေး ဥပဒေသည် စားသုံးသူများအား အီလက်ထရောနစ်စနစ် စီးပွားရေးထဲတွင် ပိုမိုယုံကြည်မှုရှိလာစေရန် လုပ်ဆောင်ရာတွင် အခြေခံကျသော အရာတစ်ခုဖြစ်ပါသည်။ တစ်နည်းအား ဖြင့် ယင်းသည်စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးလုပ်ငန်းများ၊ ငွေကြေးဝန်ဆောင်မှုပေးသော အဖွဲ့များနှင့် စားသုံးသူများအကြား ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းစဉ်များအား ကောင်းမွန်စွာ ဆောင်ရွက်ရန် ဥပဒေရေးရာတာဝန်များ ပေးလိုက်ခြင်းပင်ဖြစ်သည်။ သို့မှသာ ငွေချေးကဒ်များကဲ့သို့ သော ထိလွယ်ရှလွယ်ဖြစ်သည့် ကိုယ်ရေးအချက်အလက်များအား မလိုအပ်ဘဲ ရယူနိုင်ခြင်းကဲ့သို့သော ပြဿနာများအား လျှော့ချနိုင်မည်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များသည် စစ်ဆေးခံနိုင်စွမ်းရှိရန်လည်း လိုအပ်သေးသည်။

  - ပန်းတိုင် - ၉ (အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး)အား ထောက်ပံ့ပေးသောအားဖြင့် အချက်အလက် ကာကွယ်ရေးဥပဒေသည် နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်မှုများအတွက် လည်း လိုအပ်ပါသည်။ ဥရောပသမဂ္ဂနိုင်ငံများ[3]နှင့် စင်ကာပူနိုင်ငံ[4]တို့တွင် အချက်အလက်ကာကွယ်ရေး ဥပဒေများသည်

[3] အထွေထွေ အချက်အလက်ကာကွယ်မှု စည်းမျဉ်းစည်းကမ်းများ (GDPR)

[4] PDPA မူကြမ်း - ပြင်ဆင်ပြဌာန်းပြီး - အတွက် အများပြည်သူထံမှ သဘောထားတောင်းခံခြင်း

အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်မှုများ၏ အဓိကကျသော အစိတ်အပိုင်း တစ်ခုဖြစ်နေကာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၄ နိုင်ငံတွင် ၁၃၂ နိုင်ငံသည် ထိုကဲ့သို့ ကျင့်သုံးလျက်ရှိသည်။

- ဒေသတွင်း အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ရန် အတွက် အချက်အလက်ကာကွယ်ရေး ပြဋ္ဌာန်းချက်များသည် အာဆီယံတွင် MoTCမှ ကြီးမှူးကျင်းပ လျက်ရှိသော ဆွေးနွေးပွဲများ၊ မကြာသေးမီက လက်မှတ်ရေးထိုးထားသော Regional Comprehensive Economic Partnership (RCEP)[5] နှင့်လည်း ကိုက်ညီမှုရှိရန်လည်း အရေးကြီးပါသည်။

○ MCRB၏ မူဝါဒအနှစ်ချုပ်သည် အချက်အလက်ကာကွယ်ရေး ဥပဒေ[6]ထဲတွင် ထည့်သွင်းစဉ်းစားသင့်သည့် ကိစ္စရပ်များကိုလည်း ဖော်ပြထားပါသည်။ MCRB၏ မူဝါဒအနှစ်ချုပ်နောက်တစ်ခုသည် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ[7]အပါအဝင် အီလက်ထရာနစ်စနစ် ကူးသန်းရောင်းဝယ်ရေးနှင့် ဒီဂျစ်တယ် ဆက်သွယ်ရေးတို့ လုပ်ဆောင်ရာတွင် စားသုံးသူများနှင့် ယုံကြည်မှုတည်ဆောက်ခြင်းကို ထောက်ပံ့ပေးသည့် ထိရောက်မှုရှိသော ဆိုက်ဘာလုံခြုံရေးနှင့် ဒီဂျစ်တယ်အခွင့်အရေးမူဘောင်များအား တည်ဆောက်ရန်အတွက် ပြုပြင်ပြောင်းလဲရန် (သို့) အစားထိုးရန်အတွက်လိုအပ်သော ICT ဥပဒေများအား ဖော်ပြထားပါသည်။

○ အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတွင် ပုဂ္ဂိုလ်ရေးအချက်အလက်များအား သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ သဘောဆန္ဒမပါဘဲ တတိယပါတီနှင့် မျှဝေခြင်းအား တားမြစ်ခြင်းအပါအဝင် ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် အချက်အလက်ကာကွယ်မှုများအား ပူးပေါင်းရန်အတွက် စားသုံးသူကာကွယ်ရေးဥပဒေအား မွမ်းမံသင့်ကြောင်း (၆-၂-၂-)ကို ကျွန်ုပ်တို့လည်း ထောက်ခံပါသည်။

○ အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေးကဏ္ဍအား ပံ့ပိုးပေးရန်အတွက် mmCERT သည် အရေးပါ သောကဏ္ဍမှ ပါဝင်နေမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ယင်းအား လိုအပ်သော အရင်းအမြစ်များ ထောက်ပံ့ပေးရန် လိုအပ်သည်။

---

[5] ဒေသဆိုင်ရာအလုံးစုံ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု (RCEP)

[6] အချက်အလက်ကာကွယ်ခြင်းဆိုင်ရာ မူဝါဒအကျဉ်းချုပ်

[7] မြန်မာ့ ICTကဏ္ဍ၏ ဥပဒေနှင့် မူဝါဒ မူဘောင်ဆိုင်ရာတို့နှင့် သက်ဆိုင်သည့် မူဝါဒအကျဉ်းချုပ် - လူ့အခွင့်အရေးအတွက် သဘောတရားများ

## ၃။ အားလုံးပါဝင်နိုင်ခြင်း

- ကျွန်ုပ်တို့သည် ကျား/မဆိုင်ရာ အလေးထားခြင်းကို ကြိုဆိုသော်လည်း သင်တန်းဆိုင်ရာနှင့်သက်ဆိုင်သော ပန်းတိုင် (၇-၂) သည် မသန်စွမ်းများအားလည်း အဓိကအဖွဲ့အဖြစ်ဖြင့် ထားသင့်သည်ဟု ယူဆမိပါသည်။ မြန်မာ့မသန်စွမ်းများအခွင့်အရေးအမျိုးသားကော်မတီ၏ ICTနှင့် ရယူသုံးစွဲနိုင်မှုဆိုင်ရာ ကော်မတီခွဲအား သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုအနေဖြင့် မှတ်ယူသင့်ပါသည်။
- ထို့ပြင် ဤမဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပေါ်ပေါက်လာသော ပလက်ဖောင်းများ အားလုံးတို့သည် W3C Web ရယူသုံးစွဲနိုင်မှု စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက် မဟာဗျူဟာသည် တိတိကျကျဖြစ်ရန် လိုအပ်ပါသည်[8]။

## ၄။ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့သည် မည်သည့်နေရာတွင် ဆောင်ရွက်ရန် ပိုမိုသင့်လျော်သည်ကို သတ်မှတ်ခြင်း

ပန်းတိုင် (၁-၁) က ဖော်ပြထားသည်မှာ *'လုပ်ဆောင်ချက်များဆိုရာတွင် အစိုးရက ဆောင်ရွက်သော လုပ်ဆောင်ချက်များနှင့် ပုဂ္ဂလိကကဏ္ဍက ဆောင်ရွက်သော အစိုးရက အကြံပြုသော၊ အားပေးသော၊ ပံ့ပိုးပေးသော လုပ်ဆောင်ချက်အားလုံးပါဝင်ပါသည်'*ဟူ၍ ဖြစ်ပါသည်။ မကြာသေးမီက Myanmar Private Equity and Venture Capital Association (MPEVCA) မှ ကြီးမှူးကျင်းပါသော အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေးနှင့်သက်ဆိုင်သည့် အွန်လိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတွင် ထင်ရှားသော B2C အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်သူနှစ်ဦးအား အီလက်ထရောနစ်စနစ် ကူးသန်း ရောင်းဝယ်ရေးကဏ္ဍအတွက် အစိုးရထံမှ မည်သို့သော အကူအညီများ ရရှိလိုပါသနည်းဟု မေးမြန်းခဲ့ပါသည်။ ယင်းပုဂ္ဂိုလ်တို့သည် မိမိတို့ဘာလိုအပ်သည်ကို ချက်ချင်းမဖြေနိုင်ခဲ့ပေ။ ထိုသို့မဖြေဆိုနိုင်ခြင်းမှာ အစိုးရသည် အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေးအား နားလည်ရာတွင် ပုဂ္ဂလိကကဏ္ဍထက်ပင် နောက်က ျနေသောကြောင့်ဟူ၍ အဓိပ္ပာယ်ကောက်ယူနိုင်သလို အစိုးရ (ပြည်ထောင်စုအဆင့်)တွင်ပင် ICTနှင့် စီမံကိန်းစီမံခန့်ခွဲမှုအရည်အချင်းများ အားနည်းလျက်ရှိနေသည်ဟူ၍လည်း အဓိပ္ပာယ်ကောက်ယူနိုင်ပါသည်။

မဟာဗျူဟာသည် ပြည်နယ်နှင့် တိုင်းအားလုံးတွင် B2B ပလက်ဖောင်းများ တည်ဆောက်ရန်နှင့် ကဏ္ဍအလိုက် ပလက်ဖောင်းများ တည်ဆောက်ရန်အတွက်ဟူသော အစိုးရမှထောက်ပံ့ထားသော စီမံကိန်းကဲ့သို့သော လုပ်ဆောင်ချက်များစွာတို့ကို ယင်း၏ ပန်းတိုင် (၂) အောက်တွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ရှိရပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် ပြည်နယ်/တိုင်းလုပ်ဆောင်ချက်များနှင့် တစ်နိုင်ငံလုံး အတိုင်းအတာ

---

[8] ဒီဂျစ်တယ်ရယူသုံးစွဲနိုင်မှုနှင့်ပတ်သတ်သည့် စီးပွားရေးကိစ္စရပ်

လုပ်ဆောင်ချက်တို့အကြား မလိုအပ်သော ကွဲပြားမှုများကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် အစိုးရ၏ ရှားပါးသော လူသားအရင်းအမြစ်များနှင့် ငွေကြေးအရင်းအမြစ်များ အပေါ်တွင်လည်း သက်ရောက်မှုရှိလိမ့်မည် ဖြစ်သည်။ ပြည်သူ့ဘဏ္ဍာများအား နောက်တွင် အသုံးပြုဖြစ်လိမ့်မည် မဟုတ်သည့် ပလက်ဖောင်းများအပေါ်တွင် အသုံးပြုမိသလို ဖြစ်နေမည်ဖြစ်သည်။ ထို့ကြောင့် အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး ပလက်ဖောင်းများအား တည်ဆောက်ခြင်းကို အစိုးရမှ ယင်း၏ဘဏ္ဍာများ အသုံးပြု၍ လုပ်ဆောင် (ဥပမာ - ၂-၁-၂ နှင့် ၂-၂-၁၊ ၂-၂-၃) မည့်အစား စီးပွားရေးလုပ်ငန်းများနှင့် ဈေးကွက် ၏တာဝန်အဖြစ်ဖြင့်သာ ထားရှိကာ လိုအပ်ပါက ရှိနှင့်ပြီးသော နည်းပညာလမ်းစများဖြင့် ပံ့ပိုးပေးရန် ကျွန်ုပ်တို့မှ အကြံပြုလိုပါသည်။

## စောင့်ကြည့်စစ်ဆေးခြင်း

နောက်ဆုံးအနေဖြင့် ကုလသမဂ္ဂမှ ပြုစုထားသော အညွှန်းကိန်းများဖြစ်သည့် UN E-government Development Index (EGDI)[9] နှင့် E-participation Index (EPI)[10]တို့သည်လည်း စောင့်ကြည့်စစ်ဆေး ခြင်း လုပ်ငန်းစဉ်များအတွက် အရေးပါလိမ့်မည်ဖြစ်ကြောင်း အကြံပြုလိုပါသည်။

## အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေး လမ်းညွှန်များ မူကြမ်း

ကျွန်ုပ်တို့သည် ဤမူကြမ်းအား ဖြန့်ဝေခြင်းကို ကြိုဆိုပါသည်။ ဤမူကြမ်းသည် ဂျပန်နိုင်ငံတွင် ဆောင်ရွက်ခဲ့သော အီလက်ထရောနစ်စနစ် ကူးသန်းရောင်းဝယ်ရေးတွင် သက်ဆိုင်ရာဥပဒေအသီးသီး၏ ပြဌာန်းချက်အမျိုးမျိုး တို့အား အဓိပ္ပာယ်ဖွင့်ဆိုသည့်အဆင့်နှင့် ညီမျှသော ခြေလှမ်းအား ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် အချက်အလက်ကာကွယ်ခြင်းသည် မိမိ၏ ကိုယ်ပိုင်သဘောဆန္ဒအလျောက်လုပ်ဆောင်ရသော မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်တွင် ထည့်သွင်းထားသော လိုအပ်ချက်တစ်ခုဖြစ်ကြောင်းကို ကျွန္ုပ်တို့ နားလည်ပါသည်။ သို့ရာတွင်မူ လမ်းညွှန်မူကြမ်း၏ ၁၁(ဂ) တွင် ဖော်ပြထားသော ‘ပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်သုံးစွဲရာတွင် သက်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများအား လိုက်နာရမည်’ ဟူသော လိုအပ်ချက်သည် အချက်အလက် ကာကွယ်ရေးအတွက် စစ်မှန်သော ပြဌာန်းချက်များမရှိသည့် မြန်မာ့တရားဥပဒေမူဘောင်တွင်မူ အဓိပ္ပာယ်ကင်း မဲ့လျက် ရှိပါသည်။ ထို့ကြောင့် မိမိ၏ ကိုယ်ပိုင်သဘောဆန္ဒအလျောက်မှတ်ပုံတင်ရာတွင် ထိုသူသည် နိုင်ငံတကာ စံနှုန်းတစ်ခုဖြစ်သည့် ဥရောပသမဂ္ဂ၏ General Data Protection Regulation ထဲတွင် ပါဝင်သော လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ မူဝါဒနှင့်

---

[9] အီလက်ထရောနစ်စနစ်အစိုးရ ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း

[10] အီလက်ထရောနစ်စနစ်တွင် ပါဝင်မှု အညွှန်းကိန်း

အချက်အလက်ကာကွယ်ရေး လုပ်ဆောင် ချက်များအား အကောင်အထည်ဖော် ထိန်းသိမ်းရမည်ကို လမ်းညွှန်ချက်များထဲတွင် ထည့်သွင်းဖော်ပြ ထားပေးသင့်သည်။

အထက်ပါ အကြောင်းအရာများနှင့်ပတ်သတ်၍ ကျွနုု်ပ်တို့သည် ဝန်ကြီးဌာနနှင့်ဆက်လက် လုပ်ဆောင်သွားရန် မျှော်လင့်မိပါသည်။

*လေးစားစွာဖြင့်*

*Vicky Bowman*

Director, MCRB
Vicky.bowman@myanmar-responsiblebusiness.org